

ယွန်းပိုးဖြူ

# ချစ်နေရုံလေး

ချစ်နေရုံလေး

အချစ် ... အချစ်ဆိုတာ ဘယ်လိုမျိုးလဲ။

ချစ်တယ်ဆိုတာကရော ... ဘာနဲ့တိုင်းတာပြီး ချစ်တယ်လို့ ပြောကြတာလဲ။

လူတိုင်းကတော့ ကိုယ့်ကိုယ်ကိုယ် ချစ်ကြတာပဲ။

ကိုယ့်အသက်ထက်ပိုပြီး ချစ်တယ်ဆိုတာ ဘယ်လိုမျိုးလဲ။

အချစ်ဆိုတာက အတ္တမပါဘဲ ဖြူစင်တယ်ဆိုတာရော ဖြစ်နိုင်လို့လား လူတစ်ယောက်ကို ချစ်တယ်ဆိုတာက ကိုယ်ပျော်ရွှင်ဖို့အတွက်လား။

ကိုယ်ချစ်တဲ့သူ ပျော်ဖို့အတွက်လား။

ကိုယ်ချစ်တဲ့သူ ကိုယ့်ကို ပြန်မချစ်ရင်ရော ... ပြန်မချစ်နိုင်တဲ့သူက အသည်းနှလုံးမရှိတဲ့သူ auto ဖြစ်သွားရောလား ...။

***

တစ်ယောက်တည်း အိမ်ရှေ့က ပန်းခြံလေးထဲက ဒန်းလေးပေါ်မှာ ထိုင်နေရင်း အတွေးလွန်နေတဲ့ ကောင်လေးတစ်ယောက်။

သူ့နာမည်ကတော့ ဝသုန်တဲ့။ အသက်က ၁၆ နှစ်။ ဆယ်တန်းကို ၄ ဘာသာဂုဏ်ထူးနဲ့ ပူပူနွေးနွေးအောင်ထားတဲ့ ကောင်လေး။

ဝသုန် စဉ်းစားနေမိတဲ့ အချစ်ဒသနက ဘာရယ်တော့မဟုတ်။ ငယ်ပေါင်းကြီးဖော် သူငယ်ချင်း မိုးမခဆိုတဲ့ ကောင်မလေးဆီက အောင်စာရင်း ထွက်တဲ့နေ့မှာပဲ ဖွင့်ပြောခံရတဲ့ကိစ္စ။

မိန်းကလေးဘက်က စပြီးဖွင့်ပြောတာက ခုခေတ်ကြီးမှာ အထူးအဆန်း မဟုတ်တော့။ ကိုရီးယားကားတွေ တရုတ်စီးရီးတွဲတွေ ခေတ်စားနေတဲ့ ကာလမို့ ဝသုန်လည်း ခေတ်ရေစီးကြောင်းထဲ မျောပါသူပီပီ မိုးမခရဲ့ခံစား ချက်ကို နားလည်ပေးနိုင်ပေမဲ့ ချက်ချင်းကြီး Friendship က ထွက်ခွာဖို့ တော့ မလွယ်ကူ။ ပိုဆိုးတာက ဝသုန့်စိတ်ထဲ မိုးမခကို ဘယ်တော့မှ ညီမ လေးတစ်ယောက်ထက် မပိုခဲ့။

''ညီ... ဘာတွေတွေးနေတာလဲ။ ကိုကို ခေါ်နေတာ ကြာလှပြီ''

''ဘာရယ်မဟုတ်ပါဘူး ကိုကိုရာ ... ဒီလိုပါပဲ ရောက်တက်ရာရာပါပဲ''

''ဖေဖေမေမေတို့ ဆုံးပါးသွားထဲက ကိုကိုပဲ ညီ့ကို ထိန်းလာခဲ့ရတာ။ ညီ တစ်ခုခုတော့ ဖြစ်နေတာ ကိုကိုသိတယ် ဘာဖြစ်နေမှန်းပဲ မသိတာ''

အစ်ကိုဖြစ်သူ နေသူရိန်ရဲ့စကားက မှန်နေသည်မို့ ဝသုန် ပြန်ဖြေ ရန်စကားတို့ အစီအရီ စဉ်းစားသော်လည်း ရှာမတွေ့။ ညီဖြစ်သူ မျက်နှာ သိပ်မကောင်းသည့်အပြင် ခုချိန်မေးလည်း ပြန်ဖြေမည်မဟုတ်ကို သိနေ သဖြင့် နေသူရိန် ဆက်မမေးတော့ဘဲ ...

''ကဲပါ ညီ ဘာမှမဖြစ်ဘူးဆိုလည်း ပြီးတာပါပဲ။ ရော့ ... ညီ့အတွက် ဂုဏ်ပြုဆု ... ''

''ဘာလဲ ကိုကို ... ''

''ဖွင့်ကြည့်လေကွာ...''

လက်ဆောင်ဘူးလေးကို ဖွင့်ရင်း ဝသုန့်မျက်နှာ လင်းလက်သွားသည်။ အရောင်တောက်နေသော မျက်ဝန်းတို့ဖြင့် အစ်ကိုဖြစ်သူကို ကြည့်ရင်း နှုတ် မှလည်း အံ့သြမှုတို့နှင့် ပြည့်နှက်ကာ ပြောစရာစကား ထွက်မလာခဲ့။

''ညီရာ ပါးစပ်ထဲလည်း ယင်ကောင်ဝင်သွားဦးမယ်''

''ဟီး ဟီး... ပျော်လို့ပါ ကိုကိုရာ ... ကိုကိုက ကမ္ဘာပေါ်မှာ အကောင်းဆုံးနဲ့ ချစ်ဖို့အကောင်းဆုံးလူသားပဲ''

''အေးပါကွာ လိုချင်တာလေးရတော့ ဒီက အစ်ကိုဖြစ်သူကို မြှောက်ပေါ့။ လိုချင်တာ မရခဲ့ရင်တော့ ထုံးစံအတိုင်း နှုတ်ခမ်းနဲ့ ထိုးမှာ မဟုတ်လား''

''ကိုကိုကလည်း ... ''

''ကိုကို ကုမ္ပဏီသွားတော့မယ်။ ညီ ဘယ်မှမသွားနဲ့နော်''

''ဟုတ်''

နေသူရိန်ထွက်သွားတော့ ဝသုန်လည်း လက်ဆောင်ရထားတဲ့ ဖုန်းလေးကို ကိုင်ကာ ဆိုင်ကယ်သော့လေးကို လက်က လှည့်လို့ အိမ်ထဲဝင်လာခဲ့လေသည်။

''သားငယ် ပြုံးလို့ ရွှင်လို့ပါလား''

''ကြီးကြီးမြကလည်း သား ဘယ်တုန်းက စူပုပ်နေလို့လဲ''

''အမလေးတော် ကြီးမြက သားပျော်နေတာပဲ တွေ့ဖူးတာပါတော်။ ခုက အရင်ရက်တွေကထက် ပိုပျော်နေလို့''

''ဒီမှာ...''

ကြွားစိန်ကလေးလေး ဝသုန်လက်ထဲမှ ဖုန်းနဲ့ ဆိုင်ကယ်သော့ကိုကြည့်ရင်း ဒေါ်စိန်မြခြယ် ပြုံးလိုက်မိသည်။ ဒီအစ်ကိုနဲ့ဒီညီ လိုက်လည်းလိုက်ပါပေ့။

''ကဲ သားငယ် ဘာစားမလဲပြော ... ကြီးမြ ဘာလုပ်ပေးရမလဲ''

''ရတယ် ကြီးမြ။ သား ရေခဲသေတ္တာထဲက တစ်ခုခုပဲ ယူစားလိုက်တော့မယ်။ ကြီးမြ ဘာမှလုပ်စရာမရှိတော့ရင် နားတော့နော်''

''ဟုတ်ကဲ့ပါရှင်။ ဒီနေ့တော့ သား နေသူရိန်ကောင်းမှုနဲ့ ကြီးမြ သားငယ်

ဆီက ရစ်တာ မခံရတော့ဘူး''

''ကြီးမြကလည်း ... သား အခန်းထဲသွားတော့မယ်''

ပြောပြောဆိုဆို ရေခဲသေတ္တာထဲက မုန့်တွေကို မနိုင်မနင်းသယ်ပြီး အပေါ်ထပ်က အခန်းဆီ တက်သွားသော ဝသုန့်ကို ကြည့်ရင်း ကြီးမြရင်ထဲ ဝမ်းနည်းဝမ်းသာ ဖြစ်ရပြန်သည်။ ဝသုန်နဲ့ နေသူရိန်တို့၏မိဘ ဒေါ်စိန်မြ ခြယ်၏ ညီမဖြစ်သူ နီလာသွေးနဲ့ မတ်ဖြစ်သူ ရဲမာန်တို့ကား accident ကြောင့် ဆုံးပါးသွားပြီးနောက်ပိုင်း သားငယ် ဝသုန်ခမျာ တော်တော်လေး တုန်လှုပ်သွားရှာသည်။ ခုလို အကောင်းအတိုင်း ပြန်ဖြစ်ဖို့အရေး ဒေါ်စိန်မြ ခြယ်ရော နေသူရိန်ပါ တော်တော်ကြိုးစားခဲ့ရသည်။

သားနှစ်ယောက်ကို အစွဲပြုပြီးပေးထားသော S&G ကုမ္ပဏီကို အသက် ၂၀ အရွယ်မှစ၍ နေသူရိန် ဦးစီး လုပ်ကိုင်ခဲ့ရသည်။ S&G ကုမ္ပဏီ အပြင် ဒေါ် စိန်မြခြယ်၏ ခရီးသွား အေဂျင်စီကိုပါ ပူးတွဲလုပ်ကိုင်ခဲ့သည်မှာ ၆နှစ်ကျော် ကြာခဲ့လေပြီ။ ဒေါ်စိန်မြခြယ်၊ နေသူရိန်နှင့် ဝသုန်တို့ နေထိုင်သော S&G စံ အိမ်တွင် အိမ်ဖော်ပေါင်း ၂၀ ကျော်ရှိသော်လည်း တူနှစ်ယောက်၏ စား ဝတ်နေရေးကို ဒေါ်စိန်ခြယ်မြ ကိုယ်တိုင် စီမံသည်။

တူနှစ်ယောက်နှင့်ပတ်သက်၍ အမှားလုပ်မိသူ မှန်သမျှ ဒီစံအိမ်ကနေ ခွေး မောင်း ကြက်မောင်း မောင်းထုတ်တတ်သည်မှာ ဒေါ်စိန်မြခြယ်၏ အကျင့် ပင်ဖြစ်သည်။ အထူးသဖြင့် တူငယ် ဝသုန်မကြိုက်ပါက ချက်ချင်းပင် အမေးအမြန်းမရှိ အလုပ်ထုတ်ပစ်တတ်သည်။ ခုလည်း တူငယ် ဝသုန် နား ပြီဆိုတော့ ဒေါ်စိန်မြခြယ်အတွက် အလုပ်မရှိတော့သဖြင့် အခန်းထဲဝင်ကာ တရားနာနေလိုက်တော့သည်။ ဝသုန်နဲ့ နေသူရိန်တို့ကို စိတ်ချရပြီဆိုပါက ဒေါ်စိန်မြခြယ် ဘုရားရိပ် တရားရိပ်မှာ ရာသက်ပန်ခိုလှုံရန် ကြိုတင် ပြင်ဆင်နေခြင်း ဖြစ်သည်။

***

''ဟုတ်ကဲ့ ကျွန်တော်တင်ပြခဲ့တဲ့ project ကို ဒီက ရှယ်ယာရှင် လူကြီးမင်းများ ဘာများဖြည့်စွက်ချင်ပါသေးလဲ''

''မလိုပါဘူး မောင်နေသူရိန်ရယ် မောင်ရင့် project တွေက ကုမ္ပဏီအတွက် အမြတ်အစွန်းများမယ့်ဟာပဲ။ အန်ကယ်တို့ ငြင်းစရာရော ဖြည့်စွက်စရာပါ မရှိပါဘူး''

''ဟုတ်ကဲ့ ခုလို အားလုံးက သဘောတူတယ်ဆိုရင် ဒီစီမံကိန်းကို နောက်လကနေစတင် လုပ်ဆောင်ဖို့ စီစဉ်လိုက်ပါတော့မယ်။ ဘာမှပြောစရာမရှိတော့ရင် ဒီနေ့ အစည်းအဝေးကို ဒီမှာပဲ အဆုံးသတ်လိုက်ပါတော့မယ်''

အနောက်တိုင်းဝတ်စုံကို သေသပ်စွာ ဝတ်ဆင်ထားပြီး တည်ကြည်သောမျက်နှာထက်မှာ အရယ်အပြုံးရယ်လို့ လုံးဝမရှိ၊ လုပ်ငန်းပိုင်းဆိုင်ရာကျွမ်းကျင်လှပြီး ကုမ္ပဏီကို ဦးစီးဦးဆောင်ပြုနေသော ၂၆ နှစ်အရွယ် နေသူရိန်။ နေသူရိန် အစည်းအဝေးခန်းမှ ထွက်လာသည်နှင့် အတွင်းရေးမှူးမလေး ရှင်းရန့်က နေ့လယ်ပိုင်း appointment တွေကို ပြောပြနေသည်။

''ရှင်း ခဏလေး ... ခဏနေမှပြောပါလား။ ကိုယ် အရေးတကြီး ဖုန်းဆက်စရာရှိလို့''

''ဝသုန့်ဆီလား boss''

''အင်း ''

နေသူရိန် ဖုန်းပြောနေသည်ကို ထိုင်စောင့်နေရင်း နောက်နေ့ appointment တွေကို ရှင်းရန့် စစ်နေလိုက်သည်။ ထိုစဉ်

''hello''

''သမီး ... ရှင်း ... ''

''တီလေး ... အသံက တစ်မျိုးပဲ။ ဘာဖြစ်လို့လဲဟင်''

''လရိပ် နေမကောင်းလို့ ရှင်း''

''မောင်လေး ခု ဘယ်လိုနေသေးလဲဟင်''

''ခုတော့ ဆေးရုံမှာ သမီး ... လရိပ် ခုချိန်ထိ သတိမရသေးဘူး''

''တီလေး ရှင်းကို ခဏစောင့်နော်။ ရှင်း boss ဆီ ခွင့်တောင်းပြီး လာခဲ့မယ်နော်''

''အင်း... အင်း ... သမီးဂရုစိုက်ဦးနော်''

''ဟုတ်... တီလေး''

***